# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

**Press Release**

## Yangon Aerodrome Company Limited ( "YACL ") မှ စီစဉ်ဆောင်ရွက်သော ခရီးသွားပြပွဲကို ကာလကတ္တားမြို့တွင် အောင်မြင်စွာ ကျင်းပပြီးစီး

## မြန်မာ - အိန္ဒိယလေကြောင်းခရီးသွားလာရေးကဏ္ဍတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်

**ကာလကတ္တား - ဇွန်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ် -** ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome Company Limited ("YACL") မှ စီစဉ်ဆောင်ရွက်သော ခရီးသွားပြပွဲကို ကာလကတ္တားမြို့၌ ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆက်နွယ်မှုများ များပြားသော မြန်မာ - အိန္ဒိယနှစ်နိုင်ငံကြား လေကြောင်းခရီးသွားလာရေးကဏ္ဍတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့ရှိ JW Marriot Hotel တွင် ကျင်းပပြုလုပ်ခဲ့သော အဆိုပါခရီးသွားပြပွဲကို YACL နှင့် အိန္ဒိယလေကြောင်းလိုင်းဖြစ်သော IndiGo တို့မှ ပူးတွဲစီစဉ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများအပါအဝင် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါခရီးသွားပြပွဲကို ၂၀၁၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော ခရီးသည်များအတွက် မြန်မာနိုင်ငံအစိုးရမှ ဆိုက်ရောက်ဗီဇာခွင့်ပြုပေးလိုက်ပြီးသည့်နောက် မကြာမီကာလ အပိုင်းအခြားအတွင်းမှာပင် ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။




*Yangon Aerodrome Company Limited ("YACL") မှ စီစဉ်ကျင်းပသော ခရီးသွားပြပွဲကို ကာလကတ္တားမြို့တွင် ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။*

၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဧပြီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ လေကြောင်းဖြင့် ခရီးသွားလာခဲ့ကြသော အိန္ဒိယနိုင်ငံသားခရီးသည်ဦးရေ ၁၃၉၀၆ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ကာလတူတွင် ဝင်ရောက်ခဲ့သော ခရီးသည်ဦးရေ ၁၃၁၁၈ ဦးနှင့် နှိုင်းယှဉ်ပါက ၆% အထိ တိုးတက်လာခဲ့ပါသည်။

YACL ၏ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong မှ "ယနေ့ခရီးသွားပြပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်အောင် ပူးပေါင်းပါဝင်ပေးခဲ့ကြတဲ့ မိတ်ဖက်အဖွဲ့အစည်းများ၊ ပါဝင်တက်ရောက်ပေးကြတဲ့ အခြားသော အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီလိုပူးပေါင်းပါဝင်ပံ့ပိုးပေးမှုက မြန်မာ - အိန္ဒိယနှစ်နိုင်ငံကြား လေကြောင်းခရီးသွားလာမှုပိုမိုတိုးတက်လာစေဖို့ အထောက်အကူတစ်ရပ်ပါပဲ။" ဟု ပြောကြားခဲ့ပါသည်။

"မြန်မာနိုင်ငံရဲ့ အစည်ကားဆုံးလေကြောင်းဝင်ထွက်ပေါက်တစ်ခုဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ တိုးတက်လာသော ခရီးသည်လိုအပ်ချက်နဲ့အညီ လိုအပ်သော ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရန် အမြဲကြိုးပမ်းဆောင်ရွက်

လျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း ခရီးသွားလုပ်ငန်းနဲ့ လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းများနဲ့ အတူတကွလက်တွဲပြီး အခွင့်အလမ်းသစ်တွေ ဖော်ဆောင်သွားချင်ပါတယ်။" ဟု ၎င်းက ဆက်လက်ပြောကြားပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းစျေးကွက်မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌဖြစ်သူ ဒေါ်မေမြတ်မွန်ဝင်းမှလည်း "မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှရဲ့လေ့လာလည်ပတ်စရာ နောက်ဆုံးနယ်ပယ်ကောင်းတစ်ခုပါပဲ။ ထူးခြားဆန်းကြယ်မှုတွေနဲ့ ပြည့်နက်နေပြီးတော့ ခရီးသည်တွေလိုချင်တဲ့ ခရီးသွားအတွေ့အကြုံကောင်းအမျိုးမျိုးကို ပေးစွမ်းနိုင်တဲ့ နိုင်ငံတစ်ခုပါ။" ဟု ပြောကြားသွားပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၈ ခုနှစ်တွင် ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို လက်ခံဝန်ဆောင်မှုပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ပထမလေးလအတွင်း ခရီးသည်ပေါင်း ၂.၃၂ သန်းကို လက်ခံဝန်ဆောင်မှုပေးခဲ့ပြီး ယခင်နှစ်ကာလတူအတွင်း လက်ခံဝန်ဆောင်မှုပေးခဲ့သော ခရီးသည်ပေါင်း ၂.၂၂ သန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၄.၂% တိုးတက်လာပါသည်။

IndiGo Trade Sales ၏ Assistant Vice President ဖြစ်သူ Mr. R. Srikrishna မှလည်း "လွန်ခဲ့တဲ့နှစ်နှစ်အတွင်း ကျွန်တော်တို့အနေနဲ့ ဝန်ဆောင်မှုနဲ့ လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးတွေကို ပိုမိုထိရောက်ကောင်းမွန်စေဖို့လုပ်ဆောင်ရင်းနဲ့ နိုင်ငံတကာစျေးကွက်ချဲ့ထွင်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။ အခုခရီးသွားပြပွဲက ကျွန်တော်တို့ရဲ့ စီးပွားရေးကွန်ယက်ကို ပိုမိုကျယ်ပြန့်လာစေပြီး ကျွန်တော်တို့ရဲ့ စျေးကွက်ချဲ့ထွင်မှုလုပ်ငန်းတွေကို အထောက်အကူဖြစ်စေမှာပါ။" ဟု ပြောကြားသွားပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဂင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ  နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇  ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃  ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၀ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၂ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။